قُلْ اِنْ کُنْتُمْ تُحِبُّوْنَ اللّٰہَ فَاتَّبِعُوْنِیْ یُحْبِبْکُمُ اللّٰہُ

لَآ اِلٰہَ اِلَّا اللّٰہُ مُحَمَّدٌ رَّسُوْلُ اللّٰہِ



# چہل حدیث

نام

قُلْ اِنْ کُنْتُمْ تُحِبُّوْنَ اللّٰهَ فَاتَّبِعُوْنِیْ یُحْبِبْکُمُ اللّٰهُ

لَا اِلٰهَ اِلَّا اللّٰهُ مُحَمَّدٌ رَّسُوْلُ اللّٰهِ



# چہل حدیث

نام ____________

## ဗိစ်မိလ္လာဟိရ်ရဟ်မာနိရ်ရဟီးမ်
## ဟဒီးစ်(ဩဝါဒတော်) လေးဆယ်၏ ထူးမြတ်ခြင်း
## အလ်ဟမ်ဒုလိလ္လာဟိ၊ဝကဖာ၊ဝစလာမွန်၊
## အလာအိဗာဒိဟိလ္လဇီးနဆ္ဖတွဖာ၊

ဖန်ဆင်းခံတို့တွင် အမွန်မြတ်ဆုံးဖြစ်သော မှုသောနဗီ အပေါင်းတို့၏ ခေါင်းဆောင် တမန်တော် မုဟမ္မဒ်သခင် ဆွလလ္လာဟုအလိုင်ဟိဝစလ္လမ်၏ ဟဒီးစ်တော်(၄၀)ကို ကျက်မှတ်ခြင်းသည် အလွန်ထူးမြတ်ကြောင်းလာရှိပေသည်။ တမန်တော်မြတ်ကိုယ်တော်တိုင်က ဤသို့မိန့်ကြားခဲ့သည်၊ မည်သူမဆိုငါကိုယ်တော်မြတ်၏ အွမ္မသ်သားတို့၏ အကျိုးငှာ သာသနာရေးရာ၌ လိုအပ်သောဩဝါဒ ပေါင်း လေးဆယ်ကိုအာဂုံဆောင်ခဲ့ သည်သော်လည်းကောင်း အာဂုံဆောင်၍ လူတို့အားကြား သိစေခဲ့သည်သော်လည်းကောင်း၊ ရေးသားဖြန့်ချိခဲ့ သည်သော် လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်သည် ၎င်းကောင်းသူအား ကိယာမသ်နေ့တွင် အာလင်မ် သာသနာ့ ပညာရှင်များ၊ အလ္လာယ်အရှင်မြတ်လမ်းတော်၌ အသက်စွန့်ခဲ့သော

ရှဟီဒီများနှင့်အတူ ရှင်ပြန်ထစေ တော်မူပြီး ဂျန္နသ်သုခဘုံသို့ အသင်ကြိုက်နှစ်သက်ရာ တံခါးမှ ဝင်ရောက်စံမြန်းလောဟု မိန့်ကြားတော်မူမည်။

အခြားဟဒီးစ်တော်တပါး၌လည်း တမန်တော်မြတ်ကဤသို့ မိန့်ကြားတော်မူခဲ့၏။ အကြင်သူသည် ငါကိုယ်တော်မြတ်၏ အွမ္မသ်သားတို့ထံ ငါကိုယ်တော်မြတ်၏ ဩဝါဒတော် လေးဆယ်ကို ပို့ဆောင်ခဲ့သည်ရှိသော အလ္လာဟ်အသျှင် မြတ်သည် ကီယာမသ်နေ့တွင် ၎င်းသူအားအာလင်မ် သာသနာ့ ပညာရှင်တို့နှင့်အတူ ရှင်ပြန်ထစေတော်မူမည်၊ ၎င်းအပြင်ငါကိုယ်တော်မြတ်သည် လွန်စွာထိတ်လန့် ခြောက်ချားဘွယ်ဖြစ်သော ကီယာမသ်နေ့တွင်လည်း ၎င်း သူအားမုအ်မင်န်ဖြစ်ကြောင်းသက်သေခံ၍ အပြစ်မှ ချမ်းသာခွင့်ရရှိစေမည်ဖြစ်သည်။

ဤကဲ့သို့သောထူးမြတ်မှုများကြောင့် သာသနာ့ပ ညာရှင်များက ဟဒီးစ်တော် လေးဆယ်ကို ရေးသား စုဆောင်းခဲ့ကြပြီး ဘာသာရေးအ ခြေခံကျောင်းများတွင် လည်း ကျောင်းသင်ရိုး ညွှန်တမ်းတွင်လည်း ထည့်သွင်း ထားကြပါသည်။ ကျွန်တော်များ၏ကျောင်း ဖြစ်သော **မဒ်ရစဟ်အရဗီယဟ်စိုလိုင် မာနီယဟ် (၃၅လမ်း)နှင့် မဒ်ရစဟ်ဒါရွလ်မုအီးန် (အနော်ရထာလမ်းနှင့်ရွှေဘုံသာလမ်းထောင့်)**

ရှိကျောင်းသူကျောင်းသားများ ကုရ်အာန် ကျမ်းမြတ်၏ စူရဟ်များ၊ ကလိမဟ်များနှင့် ဒုအာများကို ငယ်ရွယ်စဉ်၌ အလွတ်ကျက်မှတ်သကဲ့သို့ ဟဒီးစ်တော် လေးဆယ်ကို လည်း ငယ်ရွယ်စဉ်၌ အာဂုံဆောင်ထားနိုင်ရန်အလို့ငှာ ကျက်မှတ်လွယ်သော ဟဒီးစ်တော်လေးဆယ်ကို စုဆောင်း ပြီး သင်ရိုးညွှန်းတန်းတွင် ထည့်သွင်းရခြင်းဖြစ်သည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

١ اِنَّمَا الْاَعْمَالُ بِالنِّيَّاتِ

(၁) အလုပ်ဟူသမျှတို့သည် ရည်စူးချက်အပေါ်မူတည်သည်။

٢ طَلَبُ الْعِلْمِ فَرِيْضَةٌ عَلٰى كُلِّ مُسْلِمٍ وَّمُسْلِمَةٍ

(၂) သာသနာ့ပညာရှာဖွေခြင်းသည် မွတ်စလင် (မ်) အမျိုးသား အမျိုးသမီးတိုင်း အပေါ်ဖရပ်ဇ် မပြု မနေရတာဝန်ဖြစ်၏။

٣- اُطْلُبُ الْعِلْمَ مِنَ الْمَهْدِ اِلَى اللَّحْدِ

(၃) ပုခက်အတွင်းမှ သင်္ချိုင်းရောက်သည့်အထိ ပညာ ရှာဖွေကြလေကုန်။

٤- تَعَلَّمُوا الْقُرْاٰنَ وَعَلِّمُوا النَّاسَ

(၄) ကျမ်းမြတ်ကုရ်အာန်ကိုသင်ယူပြီး အခြားသူများကို သင်ပေးကြပါ။

٥- اَلدِّيْنُ نَصِيْحَةٌ

(၅) သာသနာဟူသည် ဆုံးမစကားပင်ဖြစ်၏။

٦- مَنْ قَالَ لَآ اِلٰهَ اِلَّا اللّٰهُ دَخَلَ الْجَنَّةَ

(၆) မည်သူမဆို လာအိလာဟအိလ္လလ္လာဟ်ကို ရွတ်ဆိုယုံကြည်လျှင် ဂျန္နသ်သုခဘုံသို့ဝင်ရမည်။

٧- اَلطُّهُوْرُ شَطْرُ الْاِيْمَانِ

(၇) သန့်ရှင်းစင်ကြယ်မှုသည် အီမာန်ယုံကြည်မှု၏ တစ်ဝက်ဖြစ်သည်။

## ٨- اَلصَّلٰوةُ عِمَادُ الدِّيْنِ

(၈) နမာဇ်ဝတ်ပြုမှုသည် အစ္စလာမ်သာသနာတော်၏ အုတ်မြစ်ဖြစ်သည်။

## ٩- اَلصِّيَامُ جُنَّةٌ مِّنَ النَّارِ

(၉) ရိုဇယ်စောင့်ထိန်းမှုသည် ဂျဟန္နမ် ငရဲဘေးမှ ကာ ကွယ်ပေးသည့် ဒိုင်းလွှားဖြစ်သည်။

## ١٠- حَصِّنُوْا اَمْوَالَكُمْ بِالزَّكٰوةِ

(၁၀) ဇကားသ်ပေးခြင်းဖြင့် အသင်တို့၏ ပစ္စည်းများကို ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ကြပါ။

## ١١ اَلْحَجُّ يَهْدِمُ مَا كَانَ قَبْلَهٗ

(၁၁) ဟဂ်ျပြုခြင်းသည် အပြစ်ဒုစရိုက်များကို ပယ်ဖျက် သည်။

١٢ اَلْجَنَّةُ تَحْتَ قَدَمِ وَالِدَيْكَ

(၁၂) ဂျန္နသ်သူခဘုံသည် သင့်မိဘနှစ်ပါးတို့၏ ခြေဖဝါးအောက်၌ရှိသည်။

١٣ خَيْرُ النَّاسِ مَنْ يَّنْفَعُ النَّاسَ

(၁၃) လူအများ၏ အကျိုးဆောင်သူသည် အကောင်းဆုံးသောသူဖြစ်သည်။

١٤ اَكْرَمُ النَّاسِ مَنْ اَتْقَاهُمْ

(၁၄) အမွန်မြတ်ဆုံးသောသူသည် မကောင်းမှုဒုစရိုက်များကိုရှောင်ကြဉ်ဆုံးသောသူဖြစ်သည်။

١٥ اَلْحَيَاءُ شُعْبَةٌ مِّنَ الْاِيْمَانِ

(၁၅) အရှက်တရားသည် အီမာန်ယုံကြည်မှု၏ အကိုင်း အလက်ဖြစ်သည်။

١٦ لَا تَقَاطَعُوْا وَلَا تَدَابَرُوْا وَلَا

تَبَاغَضُوْا وَلَا تَحَاسَدُوْا وَكُوْنُوْا

عِبَادَ اللهِ اِخْوَانًا

(၁၆) အသင်တို့သည် အချင်းချင်း အဆက်အသွယ် ဖြတ်ခြင်း၊ အပြစ်ရှာခြင်း၊ မုန်းတီးခြင်း၊ မနာလိုဝန် တိုစိတ်ထားခြင်းများ မပြုကြကုန်လေနှင့်၊ အို အလ္လာဟ်အသျှင်မြတ်၏ ကျွန်အပေါင်းတို့၊ အသင်တို့သည် ညီရင်း ဖြစ်ကြပေသည်။

١٧ لَا يَحِلُّ لِمُؤْمِنٍ اَنْ يَّهْجُرَ اَخَاهُ

فَوْقَ ثَلٰثِ لَيَالٍ

(၁၇) မုအ်မင်န်အချင်းချင်း သုံးရက်ထက်ပိုလွန်၍ မခေါ်မပြောနေပိုင်ခွင့်မရှိပေ။

١٨ اَلسَّلَامُ قَبْلَ الْكَلَامِ

(၁၈) စကားမပြောမီစလာမ် ပေးပါ။

١٩ لَا تَغْضَبْ

(၁၉) ဒေါသရှေ့မထားလေနှင့်။

٢٠ اَلدُّنْيَا سِجْنُ الْمُؤْمِنِ وَجَنَّةُ الْكَافِرِ

(၂၀) ကမ္ဘာလောကသည် မုအ်မင်န်များ အတွက်အကျဉ်းထောင်ဖြစ်ပြီး ကာဖိရ်များအတွက် ဂျန္နသ် ဖြစ်သည်။

٢١ لَا تَتَّخِذُوا الْقُبُوْرَ مَسَاجِدَ

(၂၁) သင်္ချိုင်းများကို စဂ်ျဒဟ်ဦးချသောနေရာများအဖြစ် မပြုလုပ်ကြလေနှင့်။

٢٢ لَا يَدْخُلُ الْجَنَّةَ قَتَّاتٌ

(၂၂) ဂုံးချောသူသည် ဂျန္နသ်သုခဘုံသို့ဝင်ရမည် မဟုတ်ပေ။

٢٣ لَا تَدْخُلُ الْمَلٰٓئِكَةُ بَيْتًا فِيْهِ كَلْبٌ اَوْ تَصَاوِيْرُ

(၂၃) အကြင်အိမ်တွင်ရုပ်ပုံများချိတ်ဆွဲထားလျှင်သော်လည်းကောင်း ခွေးများမွေးထားလျှင်သော်လည်းကောင်း၊ ထိုအိမ်တွင်ရဟ်မသ်၏ ဖရိရှ်သာများဝင် ရောက်မည်မဟုတ်ပေ။

٢٤ لَا يَرْحَمُ اللّٰهُ مَنْ لَّا يَرْحَمُ النَّاسَ

(၂၄) လူတို့အပေါ် ကရုဏာတရား မထားသောသူ၏အပေါ်၌ အလ္လာဟ်အသျှင်မြတ်သည်လည်း ကရုဏာတရားထားရှိတော်မူမည်မဟုတ်ပေ။

٢٥ اَصْدَقُ الْحَدِيْثِ كِتَابُ اللّٰهِ

(၂၅) အလ္လာဟ်အသျှင်မြတ်၏ ကလာမ်ဗျာဒိတ်တော်သည် အမှန်ကန်ဆုံး စကားဖြစ်သည်။

٢٦ اَهْدَى هَدْيُ مُحَمَّدٍ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمْ

(၂၆) လမ်းစဉ်ဟူသည် မုဟမ္မဒ်သခင် (စလ္လမ်) ၏လမ်း စဉ်သာလျှင် ဖြစ်သည်။

٢٧ مَنْ غَشَّ فَلَيْسَ مِنَّا

(၂၇) မမှန်သောနည်းလမ်းဖြင့် စီးပွားရှာဖွေသူသည် ငါ တမန်တော်၏ အသင်းထဲမှမဟုတ်ပေ။

٢٨ مَنْ شَذَّ شُذَّ فِي النَّارِ

(၂၈) သွေးခွဲလျှင်ငရဲလားမည်။

٢٩ اِشْفَعُوْا تُؤْجَرُوْا

(၂၉) ဖျန်ဖြေကြ၊ ကုသိုလ်ရကြမည်။

٣٠ مَنْ صَلَّى عَلَيَّ وَاحِدَةً صَلَّى اللّٰهُ عَلَيْهِ عَشْرًا

(၃၀) ငါကိုယ်တော်မြတ်အပေါ် သို့ ဒရုဒ်တစ်ကြိမ်ပို့သောသူအား အလ္လာဟ်အသျှင်မြတ်က (ရဟ်မသ်) ကရုဏာဆယ်ကြိမ်ပို့တော်မူသည်။

## ٣١ حَقُّ الْمُسْلِمِ عَلَى الْمُسْلِمِ خَمْسٌ رَدُّ السَّلَامِ وَعِيَادَةُ الْمَرِيْضِ وَاتِّبَاعُ الْجَنَائِزِ وَاِجَابَةُ الدَّعْوَةِ وَتَشْمِيْتُ الْعَاطِسِ

(၃၁) မွတ်စလင် (မ်)တဦးအပေါ်၌ အခြားမွတ်စလင်(မ်)တဦး၏ အခွင့်အရေးငါးပါးရှိ၏၊

၁၊စလာမ်မေတ္တာပိုကသမျှကိုတုံ့ပြန်ခြင်း၊

၂၊မကျန်းမာသည့်အခါသွားရောက် မေးမြန်းခြင်း၊

၃၊ဂျနာဇဟ်လိုက်ပို့ခြင်း၊

၄၊ဖိတ်ခေါ်သည့်အခါ လက်ခံခြင်း၊

၅၊ချေသည့်အခါ ချေသူက အလ်ဟာမ် ဒုလိလ္လာဟ်-ဆိုလျှက်ကြားသူက "ယရ်ဟာမုကလ္လာဟ်" ဟူ၍ဖြေကြားခြင်း။

## ٣٢ اَلْكَلِمَةُ الطَّيِّبَةُ صَدَقَةٌ

(၃၂) ကောင်းမြတ်သောစကားပြောခြင်းသည် အလှူဒါနတစ်မျိုးဖြစ်သည်။

## ٣٣ اَلْغِنٰى غِنَى النَّفْسِ

(၃၃) စိတ်၏ချမ်းသာမှုသာလျှင်ချမ်းသာ မှုအစစ်ဖြစ်သည်။

## ٣٤ اَلْخَمْرُ جُمَّاعُ الْاِثْمِ

(၃၄) သေရည်သေရက်သည် ပြစ်မှုဒုစရိုက်များကို ပွား များစေတတ်သော အရာဖြစ်သည်။

## ٣٥ كُلُّ مَعْرُوْفٍ صَدَقَةٌ

(၃၅) ကောင်းမွန်သောအလုပ်တိုင်းသည် အလှူဒါနဖြစ်သည်။

٣٦ كُلُّ بِدْعَةٍ ضَلَالَةٌ

(၃၆) တရားသစ် (ဗိဒ်အသ်) တိုင်းသည်လမ်းမှား ချည်းသာဖြစ်သည်။

٣٧ اَلصِّدْقُ يُنْجِيْ وَالْكِذْبُ يُهْلِكُ

(၃၇) မှန်ကန်ခြင်းသည် အောင်မြင်စေပြီး၊ လိမ်လည်ခြင်းသည် ဆုံးရှုံးစေ၏။

٣٨ اَلنَّدَمُ تَوْبَةٌ

(၃၈) နောင်တရခြင်းသည် သောင်ဗဟ်အမှား ဝန်ခံခြင်းဖြစ်၏။

٣٩ اَنَا خَاتَمُ النَّبِيِّيْنَ لَا نَبِيَّ بَعْدِيْ

(၃၉) ငါကိုယ်တော်မြတ်သည် နောက်ဆုံးနဗီတမန်တော်ဖြစ်သည်၊ ငါ၏နောက်တွင်နဗီပွင့်မည်မဟုတ်ပေ။

٤٠ كَلِمَتَانِ خَفِيْفَتَانِ عَلَى اللِّسَانِ

ثَقِيْلَتَانِ فِى الْمِيْزَانِ حَبِيْبَتَانِ عِنْدَ

الرَّحْمٰنِ سُبْحَانَ اللّٰهِ وَبِحَمْدِهٖ

سُبْحَانَ اللّٰهِ الْعَظِيْمِ ۝

(၄၀) ကလေမဟ်(၂)ခုသည်နှုတ်လျှာပေါ်၌ ပေါ့ပါး၏၊ မဟာကရုဏာတော်အသျှင်ထံ၌ အလွန်နှစ် သက်ဖွယ်ရာဖြစ်၏။ ကီယာမသ်နေ့၌ချိန်ခွင်ပေါ် (ချိန်စက်ရာ) ၌အချိန်စီး၏။ ယင်းကလေမဟ် (၂) ခုမှာ "စွဗ်ဟာနလ္လာဟိဝ ဗိဟမ်ဒိဟိ၊ စွဗ်ဟာနလ္လာ ဟိလ်အဇွီးမ်" ဖြစ်ပေသတည်း။

# ဟဒိးဇ်သြဝါဒတော်လေးဆယ်

# ၏

# ထူးမြတ်မှု နှင့် အဓိပ္ပါယ်